# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

## Office of the Securities and Exchange Commission of Myanmar

## အရင်းအနှီးဈေးကွက်သတင်းလွှာ

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလ အထိ    အတွဲ ၁၊ အမှတ် ၂၊ အောက်တိုဘာ ၂၀၂၂    www.secm.gov.mm



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **နိုင်ငံတကာဆက်ဆံရေး** | ၂ |
| အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၊ ဒုတိယအကြိမ်အကဲများအစည်းအဝေး တက်ရောက် | |
| Thailand Focus 2022-The New Hope Seminar တက်ရောက် | |
| **ပြည်တွင်းသတင်း** | ၂ |
| ကော်မရှင်အစည်းအဝေးများ | |
| ( ၉ ) ကြိမ်မြောက် ပြည်တွင်း ငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ | |
| ကော်မရှင်ရုံးဆွေးနွေးပွဲများ | |
| **ကော်မရှင်ရုံး၏လုပ်ငန်းဆောင်ရွက်ချက်များ** | ၃ |
| လုပ်ငန်းဆောင်ရွက်ချက်များ | |
| အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | |
| လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ | |
| **ဈေးကွက်ဆိုင်ရာအချက်အလက်များ** | ၄-၅ |
| ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှု နှင့် နိုင်ငံခြားသားအစုရှယ်ယာရောင်းဝယ်မှုများ | |
| စာရင်းဝင်ကုမ္ပဏီများ၏အစုရှယ်ယာရောင်းဝယ်မှုများ | |
| အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ | |
| ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု | |
| **အိမ်နီးချင်းနိုင်ငံများ၏ အရင်းအနှီးဈေးကွက်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ** | ၆ |
| ထိုင်းစတော့အိတ်ချိန်း၏မျှော်လင့်ခြင်းအသစ်ဆီသို့… | |


## အရင်းအနှီးဈေးကွက် နှင့် SECM

အရင်းအနှီးဈေးကွက်သည် ငွေပိုလျှံသူများနှင့် အရင်းအနှီးလိုအပ်သူများ (အစိုးရများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဘဏ်များနှင့်လူပုဂ္ဂိုလ်များ)တွေ့ဆုံ၍ ရင်းနှီးငွေ/ရန်ပုံငွေများ ဖလှယ်သည့် နေရာတစ်ခုဖြစ်သည်။ တစ်နှစ်အထက် ကာလလတ်နှင့် ကာလရှည် ရင်းနှီးငွေ/ရန်ပုံငွေများအတွက် ဈေးကွက်တစ်ခုဖြစ်ပြီး ရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ရန်ပုံငွေများနှင့်ပြည်သူများ၏ အပ်နှံငွေများဖြင့် မတည်ရင်းနှီးငွေကို မြှင့်တင်သော ငွေရေးကြေးရေးစနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အရင်းအနှီးဈေးကွက်သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို စနစ်တကျ မောင်းနှင်နိုင်သည့် လွတ်လပ်၍ ညီမျှသော ငွေကြေးလည်ပတ်စီးဆင်းမှု ယန္တရားတစ်ခုလည်း ဖြစ်သည်။

အရင်းအနှီးဈေးကွက်၌ စတော့ဈေးကွက်နှင့် ငွေချေးစာချုပ်ဈေးကွက်တို့ ပါဝင်သည်။ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များသည် ရှယ်ယာနှင့်ငွေချေးစာချုပ်များကို ရင်းနှီးမြှုပ်နှံသူများသို့ ထုတ်ဝေရောင်းချခြင်းဖြင့် အရင်းအနှီးရှာဖွေရရှိနိုင်သောကြောင့် ၎င်းတို့အား ကုမ္ပဏီကြီးများဖြစ်လာစေရန် အရင်းအနှီးဈေးကွက်က ကူညီပေးသည်။

အရင်းအနှီးဈေးကွက်တွင် မူလဈေးကွက်နှင့် ဆင့်ပွားဈေးကွက်ဟူ၍ နှစ်မျိုးရှိသည်။ မူလဈေးကွက်သည် ရှယ်ယာ/ငွေချေးစာချုပ်အသစ်များကို ထုတ်ဝေရောင်းချသည့် ဈေးကွက် ဖြစ်သည်။ ဆင့်ပွားဈေးကွက်သည် ထုတ်ဝေရောင်းချပြီးသော ရှယ်ယာ/ငွေချေးစာချုပ်များကို လက်ဝယ်ရှိသည့်ရင်းနှီးမြှုပ်နှံသူက အခြားရင်းနှီးမြှုပ်နှံသူသို့ အပြန်အလှန် ရောင်းဝယ်နိုင်သည့်ဈေးကွက်ဖြစ်သည်။

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ (၂၀/၂၀၁၃)၊ ပုဒ်မ ၂(က)အရ ရှယ်ယာများ၊ စတော့များနှင့် ငွေချေးစာချုပ်များသည် “ငွေချေးသက်သေခံလက်မှတ်”ဟူသော စကားရပ်တွင် အကျုံးဝင်ပါသည်။ သို့ဖြစ်ရာ အရင်းအနှီးဈေးကွက်ကို ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ဟူ၍လည်း သတ်မှတ်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် အစိုးရငွေတိုက်လက်မှတ်များကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ နှင့် အစိုးရငွေတိုက်စာချုပ်များကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလမှစ၍ အစိုးရငွေချေးသက်သေခံလက်မှတ် မူလဈေးကွက်၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရကိုယ်စား ဈေးပြိုင်လေလံစနစ်ဖြင့် ထုတ်ဝေရောင်းချလျက်ရှိပါသည်။ ငွေပိုရှိ ရင်းနှီးမြှုပ်နှံလိုသူများသည် ဆင့်ပွားဈေးကွက်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှတဆင့် ဝယ်ယူရောင်းချနိုင်ပါသည်။ စတော့ဈေးကွက်ကိုမူ လက်ရှိစာရင်းဝင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ(၇)ခု၏ ရှယ်ယာများအား ရန်ကုန်စတော့အိပ်ချိန်း၌ ရောင်း/ဝယ် အမှာတင်နိုင်သည့် သတ်မှတ်ချိန် ( ၇ ) ချိန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှတဆင့် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ( ၂၀ / ၂၀၁၃ ) ၊ အခန်း(၃) အရ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM)ကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်(၇)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ SECMသည် အစိုးရငွေချေးသက်သေခံလက်မှတ် ဆင့်ပွားဈေးကွက်နှင့် စတော့ဈေးကွက်တို့၏ စည်းမျဉ်း ကြီးကြပ်ထိန်းကျောင်းသူအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ။

ကိုးကား- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ(၂၀/၂၀၁၃)

https://bujhansi.ac.in/econtent/pages/shortcodes/economics/capitalmarketpdf

# နိုင်ငံတကာဆက်ဆံရေး

## အာဆီယံအရင်းအနှီးစျေးကွက်ဖိုရမ်၊ ဒုတိယအကြီးအကဲများအစည်းအဝေး တက်ရောက်



၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသည့် အာဆီယံအရင်းအနှီးစျေးကွက်ဖိုရမ် ဒုတိယ အကြီးအကဲများအစည်းအဝေးအား Virtualဖြင့် ကျင်းပရာ ကော်မရှင်အတွင်းရေးမှူး၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇင်ထွန်း ပါဝင်တက်ရောက်ခဲ့ပါသည်။

## Thailand Focus 2022-The New Hope Seminar တက်ရောက်



၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် Stock Exchange of Thailand (SET) မှ ကျင်းပခဲ့သည့် “Thailand Focus 2022- The New Hope” ဆွေးနွေးပွဲသို့ Virtual ဖြင့် SECM မှ ဝန်ထမ်း( ၁၉) ဦး တက်ရောက်ခဲ့ပါသည်။

# ပြည်တွင်းသတင်း

## ကော်မရှင်အစည်းအဝေးများ

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၄ရက်နေ့၌ ကျင်းပသည့် SECM ၏ (၇/၂၀၂၂) ကြိမ်မြောက်အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ ယခုနှစ်တတိယ သုံးလပတ်တွင် ကော်မရှင်၏ ပုံမှန်အစည်းအဝေးအား (၃) ကြိမ် ကျင်းပခဲ့ပါသည်။



## (၉)ကြိမ်မြောက် ပြည်တွင်းငွေချေးစာချုပ်စျေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပ

၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် (၉)ကြိမ်မြောက် ပြည်တွင်းငွေချေး စာချုပ်စျေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို online ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရုံး၊ ငွေတိုက်ဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ကော်မတီအဖွဲ့ဝင်များ တက်ရောက် ခဲ့ကြပါသည်။

## ကော်မရှင်ရုံးဆွေးနွေးပွဲများ

| | |
|---|---|
| ရန်ကုန်စတော့အိပ်ချိန်း (YSX) | အပတ်စဉ် |
| ကော်မရှင်ရုံးစီမံခန့်ခွဲရေးကော်မတီ | လစဉ် |
| ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကုမ္ပဏီများ | လစဉ် |
| အသိအမှတ်ပြုလက်မှတ်ရသင်တန်းကျောင်းများ | လစဉ် |
| ဌာနတွင်း ဆန္ဒထုတ်ဖော်ပွဲ | လစဉ် |

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## လုပ်ငန်းဆောင်ရွက်ချက်များ

- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း စစ်ဆေးခြင်းအား (၂) ကြိမ် ပြုလုပ်ခြင်း၊
- သတင်းပို့ အဖွဲ့အစည်းဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေး ဆွေးနွေးခြင်း၊
- ရန်ကုန်စတော့အိပ်ချိန်းမှ ဖွင့်လှစ်သည့် အစုရှယ်ယာရင်းနှီးမြှုပ်နှံမှု အခြေခံသင်တန်း (၄/၂၀၂၂)တွင် ဆွေးနွေးပို့ချခြင်း၊
- အစိုးရ ငွေချေးသက်သေခံလက်မှတ်များကို ဆင့်ပွားဈေးကွက်၌ ရောင်းဝယ်မှုအခြေအနေအား SECM Website တွင် လစဉ်ထုတ်လွှင့်လျက်ရှိခြင်း။

## အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**



( ၁၈-၇-၂၀၂၂ ) ရက်နေ့တွင် ငွေချေး သက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးမြှင့်တင်ရေးအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာဌာနတွင်း အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်ရုံးဝန်ထမ်း (၅၃)ဦး တက်ရောက်ခဲ့ကြပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် ( အောက်မြန်မာပြည် ) တွင် ဖွင့်လှစ်သည့် အောက်ပါသင်တန်းများသို့ အရာထမ်း(၈)ဦးအား စေလွှတ်ခဲ့ပါသည်-**

- အလယ်အလတ်ဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုအဆင့်မြင့်ဒီပလိုမာသင်တန်း၊ အမှတ်စဉ်(၆)၊
- အရာထမ်းအခြေခံသင်တန်း၊ အမှတ်စဉ် (၂၁၄)


**အောက်ဖော်ပြပါ ပြည်တွင်းပြည်ပ ဆွေးနွေးပွဲ၊ သင်တန်းများသို့ Virtual စနစ်ဖြင့် ဝန်ထမ်းများ တက်ရောက်စေသည်-**

- Technological Advances in ASEAN+3 Financial Market Infrastructure
- Implication of the Development of Sustainable Bond Market in Cambodia Market
- 2022 ASEAN Audit Regulators Group (AARG)-Inspection Workshop
- ATB Meeting
- Working Committee on Capital Market Development Meeting
- ACMF Deputies Meeting
- Carbon Trading: The Journey To Net Zero
- ASEAN Taxonomy Board Meeting
- WC-CMD-ACMF Joint Meeting
- Workshop on Corporate Governance
- Empower Sustainable Myanmar Business Summit
- Governance for Director
- 7th Director Certification Program
- MIoD Leadership Series: "Emotional Culture in the Workplace"
- Thailand Focus 2022 – The New Hope Seminar


# ဈေးကွက်ဆိုင်ရာအချက်အလက်များ

## ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် နိုင်ငံခြားသား အစုရှယ်ယာရောင်းဝယ်မှုများ

ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုအခြေအနေ
( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ မှ ဩဂုတ်လအထိ )





နိုင်ငံခြားသားအစုရှယ်ယာရောင်းဝယ်မှုအခြေအနေ
( ၂၀၂၂ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလထိ )






## စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်မှုများ

### စာရင်းဝင်ကုမ္ပဏီ(၇)ခု၏အရောင်းအဝယ်ဖြစ်မြောက်မှုအခြေအနေ
### ( ၂၀၂၂ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလထိ )




# အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ




# ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှငွေကြေးခဝါချမှုနှင့်
အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး
အစီရင်ခံတင်ပြမှုအခြေအနေ
(၂၀၂၂ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလထိ)**






## ထိုင်းစတော့အိတ်ချိန်း၏မျှော်လင့်ခြင်းအသစ်ဆီသို့...

ထိုင်းစတော့အိပ်ချိန်းက နှစ်စဉ် ကျင်းပသော Thailand Focus 2022 ဆွေးနွေးပွဲအား “မျှော်လင့်ခြင်းအသစ်” ခေါင်းစဉ်ဖြင့် ၂၄-၈-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။

ထိုင်းနိုင်ငံသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုနေရာတစ်ခု ဖြစ်လာစေရေး၊ ခရီးသွားလုပ်ငန်း ပိုမိုမြင့်မားလာစေရေး၊ စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီတိုးပွားလာစေရေးတို့အတွက် အတွေးအမြင်သစ်များ ရရှိနိုင်ရန် ရည်မျှော်၍ ဤဆွေးနွေးပွဲကို စီစဉ်ခြင်း ဖြစ်ပါသည်။

ယင်းဆွေးနွေးပွဲ၌ ထိုင်းနိုင်ငံ၏ စီးပွားရေးပြန်လည်နိုးထခြင်းနှင့်အကျိုးအမြတ်များကိုမြှင့်တင်ခြင်း၊ စီးပွားရေးအဆင်ပြေချောမွေ့စေရန် မူဝါဒများ ပြန်လည်ချမှတ်ခြင်း၊ မဟာဗျူဟာမြောက်နယ်ပယ်များတွင် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ခိုင်မာစေခြင်း၊ ဘန်ကောက်မြို့တော်အား ပြန်လည်မွမ်းမံတည်ဆောက်ခြင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာ စားသောက်ကုန်နည်းပညာစက်ရုံများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ထိုင်းနိုင်ငံ၏ လူနေမှုဘဝပြန်လည်ဆန်းသစ်မှုများနှင့်အတူ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေခြင်းဟူသော ခေါင်းစဉ်(၇)ခုဖြင့် စကားဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ မူဝါဒများ ချမှတ်ရာတွင် ငွေကြေးဖောင်းပွမှုနှုန်းများကို ထိန်းချုပ်နိုင်ရေးနှင့် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် ဘဏ္ဍာရေးစနစ်များ ကောင်းမွန်စွာ ပြန်လည်လည်ပတ်နိုင်စေရေး ဦးစားပေးပြီး ငွေကြေးမူဝါဒနှင့်ဘဏ္ဍာရေးမူဝါဒများ အသစ်တဖန် ချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ မူဝါဒများချမှတ်ရာ၌ တွေ့ကြုံခဲ့ရသည့် ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အချက်များအပေါ် အခြေခံမည်ဖြစ်ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမှာ ယခုနှစ်တွင် မြင့်တက်နေဆဲဖြစ်ပြီး အိမ်ခြံမြေ၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၌ ဘဏ္ဍာရေးတည်ငြိမ်စေရန် ဆောင်ရွက်နိုင်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီကာလများတွင် ရောက်ရှိခဲ့သည့် စီးပွားရေးတိုးတက်မှု အတိုင်းအတာကို ပြည့်မီခြင်း မရှိသေးပါကြောင်း၊ မှန်ကန်ကောင်းမွန်သည့် မူဝါဒသည် နိုင်ငံတော်အတွက် အရေးကြီးသကဲ့သို့ ငွေကြေးဖောင်းပွမှု၊ စီးပွားရေးအဆောက်အအုံဆိုင်ရာလက္ခဏာရပ်များနှင့် လုပ်ငန်းလည်ပတ်မှုပုံစံတို့အပေါ်တွင် များစွာသက်ရောက်မှုရှိမည်ဖြစ်ရာ ဖြည်းဖြည်းနှင့် ဟန်ချက်ညီညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကိုးကား - www.set.or.th/thailandfocus

ဤသတင်းလွှာတွင်ပါရှိသော အကြောင်းအရာများကို အသိပညာမျှဝေပေးခြင်းအတွက်သာ ရည်ရွယ် ဖော်ပြအပ်ပါသည်။